## ခေတ်သစ်ဒဿနဗေဒနိဒါန်း

ခေတ်သစ်ဒဿနဗေဒပညာသည် ပြင်သစ်ဒဿနပညာရှင်ကြီး ရယ်နေးဒေးကားနှင့်အတူ စတင်ခဲ့သည်။ ဒေးကားသည် သင်္ချာနည်းကိုအသုံးပြု၍သင်္ချာပညာကဲ့သို့ တိကျရှင်းလင်းပြတ်သားသော အခြေခံအယူအဆများကို အသုံးပြုပြီး သူ၏အခြေခံဝတ္ထုနှစ်မျိုးပါဝင်သော ဒွိဝါဒ အမြင်ကို တည်ဆောက်ခဲ့၏။ ဒေးကားစတင်ခဲ့သော ဆင်ခြင်ခြင်းသက်သက်ဖြင့် ဒဿနပညာတည်ဆောက်ခြင်းကို စပင်နိုဇာနှင့် လိုက်ဗနစ်ဇ်တို့က ဆက်လက်အမွေခံ၍ မိမိတို့၏ ဆင်ခြင်ခြင်း အဓိကဝါဒ ဒဿနအမြင်များကို တင်ပြခဲ့ကြ၏။ ဒေးကားနှင့်ခေတ်ပြိုင် ပေါ်ပေါက်ခဲ့သော ဗြိတိသျှဒဿနပညာရှင် ဂျွန်လော့ခ် ကမူ အသိပညာ၏ မူလရင်းမြစ်သည် အာရုံသိမှုပင်ဖြစ်သည်ဟုဆိုကာ အာရုံသိပဓာနဝါဒ အမြင်ကို ထူထောင်ခဲ့ရာတွင် ဘာကလေနှင့် ဟျူးမ်တို့ကလည်း လော့ခ်၏ အစဉ်အလာအတိုင်း လိုက်လျှောက်၍ ၎င်းတို့၏ အာရုံသိ ပဓာနဝါဒ ဒဿနအမြင်များကို ဖော်ထုတ်ခဲ့ကြပြန်သည်။

ဂျာမန်ဒဿနပညာရှင်ကြီးကန့်သည်ကား ဆင်ခြင်ခြင်းအဓိကဝါဒနှင့် အာရုံသိပဓာနဝါဒ၏ အစွန်းတရားများကို ဆင်ခြင်ရှောင်ရှား၍ သူ၏ ဖေးနိမ့်မှုပြုသော နာမ်ဝါဒအမြင်သစ်ကို တည်ထောင်ခဲ့သည်။ ကန့်နောက်လိုက်ခဲ့သော ဒဿနလမ်းမှ ဂျာမန်နာမ်ဝါဒ ရွေးချယ်သောပြီး ဖစ်ရှ်တေ၊ ရှယ်လင်းနှင့် ဟေဂယ်လ်တို့က ဆင်ခြင်ခြင်းကိုအခြေခံသော နာမ်ဝါဒများကို ဖော်ဆောင်ခဲ့ကြရာ ဟေဂယ်လ်၏ အကြွင်းမဲ့နာမ်ဝါဒသည် ဆင်ခြင်ခြင်းအဓိကဝါဒလမ်းကြောင်း၏ အထွတ်အထိပ်ကို ရောက်ခဲ့သော ဒဿနဗေဒ မဟာအဆောက်အအုံကြီး ဖြစ်လာခဲ့သည်။

ဟေဂယ်လ်၏ အလွန်တွင် ထွက်ပေါ်လာခဲ့သောခေတ်သစ်ဒဿနဗေဒရေစီးကြောင်းများသည် ဟေဂယ်လ်၏ အကြွင်းမဲ့နာမ်ဝါဒ ကိုဆန့်ကျင်ဖော်ပြလာသော ဒဿနိကများဖြစ်ကြ၏။ မာ့က်စ်၏ နိုင်ငံရေးဘောဂဗေဒနည်းကျ ရုပ်ဝါဒ၊ ကွန့်မ်၊ ဘင်သမ်နှင့် မီးလ်တို့၏ လက်တွေ့အသုံးချမှုအဓိကဝါဒ၊ ရှိုပင်ဟောင်ဝါနှင့် နီရှေ တို့၏ စိတ်ဆန္ဒစွမ်းအားဝါဒ၊ ကဲကီးဂါဒ် စတင်ခဲ့သော ဖြစ်တည်မှုပဓာနဝါဒလှုပ်ရှားမှု၊ ဘာ့ဂ်ဆန်၏ ဘဝစွမ်းအားဝါဒနှင့် ရပ်ဆယ်၊ ဗစ်ဂန်စတိုင်းတို့ ပါဝင်ခဲ့သော ယုတ္တိနည်းကျ အတွေ့အကြုံ အဓိကဝါဒတို့သည် ၎င်းတို့အနက် ထင်ရှားသော ခေတ်သစ်ဒဿနဗေဒလှုပ်ရှားမှုများ ဖြစ်ကြ၏။ ထို့အပြင် ဝိုက်ဟက်၏ ဩဂဲနစ်တတ္တိကဗေဒနေစဉ်သည် ဖြစ်စဉ်အခြေပြု ဒဿနအမြင်တစ်ခုဖြစ်ပြီး အနောက်တိုင်း တတ္တိကဗေဒ အမြင်များကို ပေါင်းစည်း ဖော်ပြလာသော အမြင်တစ်ရပ် ဖြစ်ကြောင်းကိုလည်း တွေ့ရပါသည်။

နှစ်ဆယ်ရာစုအဆန်းပိုင်းတွင် အရှိတရားဆိုင်ရာဒဿနဖေးနွှန်းကိုပြန်လည်ဖော်ထုတ်ဆန်းသစ်ခဲ့သော မာတင်ဟိုက်ဒေဂါ၏ ဒဿနဗေဒအမြင်သည် ခေတ်သစ်ဒဿနဗေဒကို တစ်ဆင့်ချိုးတွေ့ပြောင်းလဲစေခဲ့သော အမြင်သစ်တစ်ခုဖြစ်ခဲ့ပြီး အနောက်တိုင်း ဒဿနဗေဒကို အစဉ်အလာသစ်တစ်ခုအဖြစ် စတင်ရန် လမ်းဖွင့်ပေးခဲ့သည်။ ဟိုက်ဒေဂါ၏ လွှမ်းမိုးမှုကိုခံခဲ့ရသော ပြင်သစ်ဒဿနပညာရှင် ယန်းပေါလ်ဆာ့တ်သည် ပုဂ္ဂိုလ်ဘဝ ဖြစ်တည်မှုကို အခြေခံသော လူသားဝါဒအမြင်ကို ဖော်ထုတ်ခဲ့သည့် အပြင် ဖြစ်တည်မှု ပဓာနဝါဒကို မာ့က်စ်ဝါဒ၏ လူမှုဗေဒအမြင်များနှင့် ပေါင်းစည်းရန်လည်း ကြိုးစားခဲ့သည်ကို တွေ့ရပါသည်။



## မာတိကာ


ရည်ညွှန်းချက်
ကျမ်းပြုသူ၏ အမှာစကား က
နိဒါန်း၏ နိဒါန်း
ရီနေးဆန်းခေတ်ကို ဖွင့်လှစ်ခြင်း ၁
အခန်း(၁)
ရှေးဦးအာရုံသိပဓာနဝါဒီများအကြောင်း
ဖရန်စစ်ဘေကွန်နှင့် သောမတ်စ်ဟုဗ်ဘ် ၂၁
အခန်း (၂)
ရယ်နေးဒေးကား
ခေတ်သစ်ဆင်ခြင်ခြင်း ပဓာနဝါဒ၏ ဖခင် ၄၃
အခန်း (၃)
ဘာရုချ် စပင်နိုဇာ
ပြီးပြည့်စုံသော ဆင်ခြင်ခြင်းအဓိကဝါဒီ ၇၁
အခန်း (၄)
ဂေါ့ဖရိဒ် လိုက်ဗနစ်ဇ်
အကောင်းမြင် ဆင်ခြင်ခြင်း အဓိကဝါဒီ ၉၅
အခန်း (၅)
ဉာဏ်အလင်းရောင်ခေတ်နှင့် နယူတန်၏ သိပ္ပံပညာ ၁၂၅
အခန်း (၆)
ဂျွန်လော့ခ်
ဗြိတိသျှ အာရုံသိ ပဓာနဝါဒ၏ ဖခင် ၁၃၇
အခန်း (၇)
ဂျော့ဘာကလေ
အာရုံသိပဓာန ရုပ်မဲ့နာမ်ဝါဒီ ၁၆၉
အခန်း (၈)
ဒေးဗစ်ဟျူးမ်
စကော့လူမျိုး သံသယဝါဒီ ၁၉၇
အခန်း (၉)
အင်မန်နျူရယ်ကန့်
စိစစ်ဝေဖန်သော နာမ်ဝါဒီ
တွေးစိတ်၏ အကန့်အသတ်ကို ရှာဖွေတွေ့ရှိသူ ၂၂၇
အခန်း (၁၀)
ရိုမန်တစ်ဝါဒနှင့် (၁၉) ရာစုခေတ် အတွေးအမြင်
ဂျာမန်နာမ်ဝါဒီများ၊ ဖစ်ချ်တေနှင့် ရှယ်လင်း ၂၇၃
အခန်း (၁၁)
ဂျီဒဗလျူ· အက်စ်ဟေဂယ်လ်
အနန္တဝိညာဉ်တော်၏ အတ္ထုပ္ပတ္တိကို ခြယ်မှုန်းသူ ၂၉၃
အခန်း (၁၂)
ကားလ်မာ့က်စ်
ကမ္ဘာကြီးကို ပြောင်းလဲစေသူ ဒဿနပညာရှင် ၃၃၃
အခန်း (၁၃)
ဆိုရန်း ကဲကီးဂါဒ်
ခရစ်ယာန် ဖြစ်တည်မှု ပဓာနဝါဒ၏ဖခင် ၃၆၅
အခန်း (၁၄)
အာသာရှိုပင်ဟောင်ဝါ
အထီးကျန် ဘဝအဆိုးမြင်ဝါဒီ ၃၈၇
အခန်း (၁၅)
ဖရီးဒရစ် နီရှေ
ဒဿနဗေဒဖြင့် ဘဝကို စမ်းသပ်ဖန်တီးသူ ၄၂၃
အခန်း (၁၆)
၁၉ ရာစုခေတ် အာရုံသိပဓာနဝါဒီများ
ကွန့်မ်၊ ဘင်သမ်နှင့် မီးလ် ၄၅၇
အခန်း (၁၇)
နှစ်ဆယ်ရာစုခေတ်၏ ယဉ်ကျေးမှု အခင်းအကျင်း
သိပ္ပံပညာ၊ ဘာသာစကားနှင့် ဒဿနအမြင် ပြောင်းလဲမှုများ ၄၉၁
အခန်း (၁၈)
ပရက်ဂမာဝါဒ (လက်တွေ့စမ်းသပ် စိစစ်မှုအဓိကဝါဒ)
အတွေးနှင့်အလုပ်ချိန်ညှိ ပေါင်းစပ်ခြင်း၊ ပါ့စ်၊ ဂျိမ်းစ်နှင့် ဒျူဝီ ၄၉၉
အခန်း (၁၉)
အွန်နရီဘာ့ဂ်ဆန်
ဘဝစွမ်းအား၏ လျှို့ဝှက်ချက်ကို ထုတ်ဖော်သူ ၅၄၁
အခန်း (၂၀)
အဲဖရက်နော့သ် ဝိုက်ဟက်
ဖြစ်စဉ်အခြေပြု ဒဿနဗေဒ၏ ဖခင် ၅၇၁
အခန်း (၂၁)
ခွဲခြမ်းစိတ်ဖြာဒဿနပညာနှင့် ဘာသာဗေဒအရွေ့
ဘာထရန်ရပ်ဆယ်နှင့် လုဒ်ဗစ်ဗစ်ဂန်စတိုင်း ၅၈၉
အခန်း (၂၂)
အက်ဒမန် ဟူဆယ်လ်
ဖီနိုမီနိုလိုဂျီကို ဖန်ဆင်းသူ ၆၃၃
အခန်း (၂၃)
မာတင်ဟိုက်ဒေဂါ
ရှိခြင်းသဘော၏ အနက်အဓိပ္ပာယ်ရှာတော်ပုံ ၆၆၁
အခန်း (၂၄)
ယန်း-ပေါလ်ဆာ့ထ်
ဘုရားမဲ့ဖြစ်တည်မှု ပဓာနဝါဒကို ဖန်တီးသူ ၇၂၅
နိဂုံးမဟုတ်သော နိဂုံး
ခေတ်သစ်ဒဿနဗေဒမှ ခေတ်ပြိုင်ဒဿနဗေဒသို့ ၇၅၉
**Selected Biblography** ၈၂၅


■ ■ ■